
ရှိန်းရမိမိုး
ချစ်သူ သူရဲကောင်း
Lလင်း

“ခါးလေးလှုပ်ကာ လမ်းလျှောက်သွားရင် ကောင်လေးတွေငေးကြည့်တယ်၊ မျက်လုံး လေးတစ် ဖက်ကို မှိတ်ပြလိုက်ရင် တစ်ပုံကြီးပါလာမယ် … ဒမ် … ဒမ် … ဒီ … ဒီ … ဒမ်”

“ဟဲ့ … ပေါက်ကျော်မ”

“အမယ်လေး … လန့်လိုက်တာ ဘွားဘွားရယ်”

“ဘာလန့်လိုက်တာလဲ၊ ဘာသီချင်းတွေ ဆိုနေတာလဲ”

“အဟီး … ဘာရယ်မဟုတ်ပါဘူး အဘွားရဲ့ ၊ ဒီလိုပဲ ပါးစပ်ရှိတာ ညည်းလိုက်တာပါ”

“ညည်းတို့ ခေတ်သီချင်းတွေလည်း အေ နောက် အဲဒီလို သီချင်းတွေ မဆိုနဲ့ ”

“ဟုတ်”

“ပါးစပ်ဖျားလေးတင် ဟုတ်မနေနဲ့ ၊ ညည်းဟုတ်ကို ရင်ထဲကဟုတ်စမ်း၊ ပြောလိုက်ရင်တော့ ဟုတ်၊ ပြီးရင် မဟုတ်တာတွေ ဆက်လုပ်နေကြ”

“ဘွားကလည်း နားညည်း လာပြီ”

“ကြည့်စမ်း … ငါ့ကိုခံပြောပြန်ပြီ၊ ညည်းတော့လား”

ဘွား ကြိမ်လုံးဆွဲပြီ ဆိုရင်တော့ ပေါက်ကျော်မတို့ ဖနောင့်နဲ့ တင်ပါး

တစ်သားတည်းကျအောင် ထွက်ပြေးပြီ။

“လာခဲ့စမ်း ပေါက်ကျော်မ၊ ညည်း မိလို့ ကတော့ ... ဟင်း”

သိတာပေါ့။ မိလို့ ကတော့ ဘွားရဲ့ ကြိမ်လုံးအောက်မှာ ကျောကော့ သွားမည်ဆိုတာ။ ဒီနေ့အဖို့ ရာ အမိခံလို့ ကိုမဖြစ်။ ညနေအထိ အခြေအနေမကောင်းရင်တော့ ခြေရင်းက ဒေါ်အပျိုကြီးနဲ့ သွားအိပ် ရမှာ ။

ဘွားမေသည် ထွက်ပြေးသွားသော မြေးဖြစ်သူကို ကြည့်ကာ ခေါင်းခါယမ်းမိသည် ။

မိဘမဲ့ကလေး။ သနားလို့ အလိုလိုက်ခဲ့တာ။ ဆယ့်လေးငါးနှစ်ဖြစ်လာတော့ မနိုင်တော့။

မြေးမလေးသုံးနှစ်သမီးကတည်းက သားရောချွေးမရော ယာဉ်တိုက်မှုဖြင့် ဆုံးသွားကြတာ။

ဒီသားတစ်ယောက်တည်းရှိတာမို့ ဖြေမဆည်နိုင်ခဲ့။

ထိုနေ့က မြေးမလေးက ဘွားအေနဲ့ အိမ်မှာ ကျန်ခဲ့သဖြင့် ကံကောင်းသွားတာပင်။

သနားစရာလေး။ သနားလွန်းလို့ အလိုလိုက်ထားတာ။ အခုတော့ နိုင်ကိုမနိုင်တာ။ အသက်ပဲ ဆယ့်ငါးနှစ်ရှိပြီ။ ခုထိကြိမ်လုံးကိုင်နေရတုန်း။

အေးလေ ... ဒီအဘွားကြီးကလည်း သူ့ကို ကြပ်ကြပ်မတ်မတ်မှ ဂရုမစိုက်နိုင်တာ။

မြေးအဘွားနှစ်ယောက် စားဝတ်နေရေးအတွက် မုန့်ဟင်းခါးရောက်ရသေးတယ်လေ။

မုန့်ဟင်းခါးရောင်းတယ်ဆိုလို့ အထင်တော့မသေးနဲ့ နော်။

ဘွားမေလက်ရာက နာမည်ကြီး။ ဘွားမေရဲ့ မုန့်ဟင်းခါးဆိုင်က ထိပ်တန်းစာရင်းဝင်ဆိုင်ပါ။

ထို့ကြောင့် လည်း မြေးမလေးကို လူတလုံးသူတလုံးဖြစ်အောင် ထားနိုင်တာပေါ့။

ခုဆို ပေါက်ကျော်မတောင် ကိုးတန်းရောက်ပြီ။ နာမည်ကြီးကျောင်း၊ နာမည်ကြီးကျူရှင်တွေ မှာ မထားနိုင်ပေမယ့် လူတန်းစေ့အောင်တော့ ထားနိုင်သည် ။

ရပ်ကွက်ထဲမှာ ကိုယ်ပိုင်ခြံလေးဝင်းလေးနဲ့ နေနိုင်သည် ။ မြေးအဘွားနှစ်ယောက်တည်းမို့ ခြေ ရင်းခန်းလေးကို အပျိုကြီးညီမနှစ်ယောက်ကို အငှားတင်ထားသေးတယ်လေ။

ဘွားက အသက်ကြီးလာတော့ မုန့်ဟင်းခါးဆိုင်ကို မချဲ့နိုင်လို့ သာ။ စီးပွားဖြစ်သာ ချဲ့နိုင်ရင် တော်တော်အဆင်ပြေမှာ ။

ခုတော့ တနိုင်တပိုင်ပဲမို့ အဆင်ပြေရုံသာ။ ဒါပေမဲ့ အိမ်ခြံမြေဈေးတက်လာတော့ ခုဆို ဘွားမေရဲ့ အိမ်နဲ့ ခြံတောင် တော်တော်လေးတန်ဖိုးတတ်နေပြီ။ ပူစရာသိပ်မလိုပါ။

မြေးမလေးရဲ့ ရေ့ရေးပဲ ပူရတာ။ မိမိသာ မျက်ကွယ်ပြုသွားရင် လောကအလယ်မှာ တစ် ယောက်တည်း ကျန်ရစ်ခဲ့ရှာမည့် ကလေး။ ဘွားအေ အလိုလိုက်ထား၍ အနည်းငယ်ဆိုးချင်သည့် ကလေး။

ပိုဆိုးတာက ရုပ်ရည်ကလေး လှပလွန်းတာပင်။ ဟုတ်တယ်။ မိန်းကလေးတစ်ယောက်ဟာ အဆင်းသိပ်လှလွန်းရင်လည်း အန္တရာယ် လက်ယပ်ခေါ်နေသလိုပဲလေ။

ပေါက်ကျော်မရဲ့ ရုပ်ရည်က တမူထူးခြားပြီး ပြစ်မျိုးမှဲ့မထင်လှတာ။

သူမရဲ့ လှပပုံက အနောက်တိုင်းဆန်ဆန်နဲ့ တော်တော်ကို အကြည့်ခံတာ။

ထို့ကြောင့် ဒီဘွားအေက စိတ်ပူနေရတာ။ ခုနေများ ဖျိုးခနဲ၊ ဖျတ်ခနဲနဲ့ မိမိ ကတိမ်းကပါးဖြစ် သွားရင်တော့ အသေဖြောင့်မှာ မဟုတ်။ ဒီမြေးလေးကို ဘယ်လိုစိတ်ချရမလဲလေ။

မိန်းကလေးတစ်ယောက်ဟာ မိဘမောင်နှမပြည့်စုံတဲ့ အသိုင်းအဝိုင်းထဲမှာ အဆင်းလှနေရင်၊ ပြီးတော့ သူမအဆင်းကို သူမသေသပ်စွာထိန်းသိမ်းတတ်လျှင် တန်ဖိုးတက်ပြီးရင်းတက်သလောက် အသိုင်းမစုံ အဝိုင်းမရှိသော မြေးမလေးလို အခြေအနေမျိုးမှာ အဆင်းလှနေရင်တော့ ပြဿနာရှိ၏။

ဒါကို မြေးမလေးကမသိ။ ဘွားအေမျက်စိဒေါက်ထောက် ဂရုစိုက်နေတာကိုပဲ ချုပ်နှောင်သည် ထင်နေတာ။ ကလေးတုန်းက အလိုလိုက်ထားမိသဖြင့် ခုဆို ပြောမနိုင် ဆိုမနိုင်လေးကိုဖြစ်လို့ ။

တကယ်ဆိုရင် ဘွားမေ မုန့်ဟင်းခါးဆိုင်ကို နားချင်နေပြီ။ အသက်က စကားပြောလာတော့ စိတ်ရှိတိုင်း ခန္ဓာကိုယ်က လိုက်မလုပ်နိုင်တော့။

ည, ညဆို ကိုက်ခဲနေတတ်သည် ။

ထို့ကြောင့် ဈေးတက်နေတဲ့ အိမ်နဲ့ မြေကို ရောင်းပြီး တိုက်ခန်းကျဉ်းလေးဝယ်ကာ ပိုငွေလေး ကို အတိုးပေးစားရင် ကောင်းမလား စဉ်းစားမိသေးသည် ။

သို့သော် အတိုးကလည်း ဘဏ်တိုးကလွဲ၍ အပြင်မှာ ငွေချေးလို့ ကတော့ စိတ်မချရ။ ရှိတာ လေး ပါသွားမှာ စိုးရသေး၏။

ဘဏ်တိုးကလည်း ထိုင်စားလောက်အောင်မရနိုင်။ ကိုယ်ထည့်တဲ့ ငွေက နည်းမှာ ကိုး။ မိမိတစ်ယောက်တည်းအတွက်တော့ မပူရ။

ပူနေတာက မြေးမရဲ့ ရှေ့ရေးအတွက် ဒီမြေး မြန်မြန်ဆယ်တန်း အောင်။ ဘွဲ့ရပြီး အလုပ်နဲ့ အကိုင်နဲ့ ဖြစ်မှ ပါ။ ဒါကလည်း ဘွားမေ မျှော်လင့်တာလေ။

ဘွားမေဆီ မုန့်ဖတ်လာပို့နေကြ ငထူးဆိုတဲ့ ကောင်လေးတောင် ဘွဲ့ရပြီး အလုပ်ရှာမရလို့ ရပ်ကွက်ထဲက မုန့်ဟင်းခါးစက်မှာ အလုပ်ဝင်လုပ်နေရတယ်။ တစ်နေ့တစ်နေ့ စက်ဘီးတစ်စီးနဲ့ မုန့် ဖတ် လှည့်ပို့နေရတဲ့ ဘွဲ့ရလေ။

*

ပေါက်ပေါက် တစ်နေကုန် အဘွားကို ကြွက်ချောင်း ချောင်းနေမိသည် ။

ကျောင်းမသွားခင်က အခြေအနေမကောင်းဘူးလေ။ ပေါက်ပေါက် ကျောင်းက ပြန်လာတော့ ဘွားက မနက်ဖြန်အတွက် ငါးဆီသတ်နေတာမို့ ပေါက်ပေါက်ကို လှည့်မကြည့်အား။ အဝတ်အစား အ မြန်လဲပြီး ဟိုဘက်လမ်းက ကျူရှင်ကို ဒိုးရသည် ။

ကျူရှင်က ပြန်လာတော့ အိမ်တန်းမပြန်ရဲဘဲ အပို့ကြီးတို့ အခန်းကနေ ချောင်းနေတာ။ ဒီ အချိန်ဆို အဘွားအလုပ်တွေ ပြီးလောက်ပြီလေ။ အားပြီ။

ပေါက်ပေါက်ကို ရိုက်ချင်သေးရင် ရိုက်လို့ ရပြီ။ တစ်ခါတလေ ညနေပြန်လာရင် မနက်ကကိစ္စ အတွက် ဆော်တတ်တာမို့ တန်းမပြန်ရဲတာ။

အဘွားအထာကို နပ်နေပြီလေ။

“အန်တီအပျိုကြီး”

“ဝေ”

“အခြေအနေမကောင်းရင် သမီး ဒီမှာ အိပ်မယ်နော်”

“အေးပါအေ”

တော်ပါသေးသည် ။ အန်တီအပျိုကြီးတို့ ညီအစ်မနှစ်ယောက်က ပေါက်ပေါက်ကို ချစ်ကြ၏။

တစ်ဖက်က ဘွားမေကလည်း ပေါက်ပေါက်ချောင်းနေတာကို သိပါသည် ။

“အပျိုကြီးရေ”

“ရှင် ဘွားမေ”

“ပြီးရင် အိမ်မှာ သင်္ဘောသီးရခိုင်သုပ်လေး လာအားပေးမလားဟေ့”

“ကောင်းတာပေါ့ ဘွားမေရဲ့ ၊ ဝါလည်း လက်ဖက်ခြောက်ကောင်းကောင်း လေး ရထားတယ်၊ ဝါ ရေနွေးဓာတ်ဘူးဆွဲခဲ့မယ်လေ”

“အေး”

ပေါက်ပေါက်သွားရည်ယိုပြီ။ သင်္ဘောသီးရခိုင်သုပ်က ပေါက်ပေါက် အသည်းစွဲလေ။ ဘွားမေ က သိလို့ တမင်ပြောတာ။

“အန်တီအပျိုကြီး သွားမစားဘဲ အိမ်ကိုယူခဲ့ပါလား”

“ဟယ် ... ဘယ်ရမလဲ၊ ဘွားမေက ရေနွေးလေးသောက် စကား လေးပြောရင်း စားဖို့ ခေါ်တာကိုး”

“ဟွန်း ... ဒါဆိုလည်း ပေါက်ပေါက် အိမ်ပဲပြန်တော့မယ်”

ခြေဆောင့်ပြီးထွက်သွားသော ပေါက်ပေါက်ကို ဝါက ချစ်စနိုးနဲ့ ကြည့်နေမိသည် ။

အနားမှာ လည်း ပေါက်ပေါက်ကလေးရှိနေလို့ ဝါတို့ အပျင်းပြေရတာပါလေ။

ဝါက အနားကရပ်ကွက်ဈေးထဲက အပ်ချုပ်ဆိုင်တွေကနေ ချုပ်ထည်တွေယူပြီး လက်ချုပ် လိုက်၊ ကြယ်သီးတပ် စတာတွေလုပ်တယ်။ လက်ခစားနဲ့ ပေါ့။ ဝါ့ညီမ မာမာက ဘွဲ့ရတဲ့ သူဆိုတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။

ဝါတောင် အသက်လေးဆယ်။ မာမာက သုံးဆယ့်ငါးဆိုတော့ ဝါတို့က အပျိုကြီးစာရင်းဝင် တွေပေ့ါလေ။

ရပ်ကွက်ထဲကဆို ဝါတို့ ကို အပျိုကြီးညီအစ်မလို့ ခေါ်ကြတယ်။

ငါတို့ တမင် အပျိုကြီးလုပ်ကြတာမဟုတ်ပါ။

ရတာမလို လိုတာမရလို့ လည်း မဟုတ်။

ရုပ်ရည်ကလည်း အလှကြီးမဟုတ်ပေမယ့် သာမန်သူလိုကိုယ်လိုပါပဲ ။ အဆိုးကြီးတော့ မဟုတ်ပါဘူး။

ဒါပေမဲ့ ခုခေတ်မှာ က မိန်းကလေးတွေ အသက်အစိတ်မှ ပုခက်မချိတ်နိုင်ရင် ပုခက်လွဲသော လက်ဖြစ်ဖို့ က လူကြီးတွေ စပ်ဟပ်ပေးစားမှပဲ ဖြစ်နိုင်တော့မှာ လေ။

အဲလို စပ်ပေးမယ့် လူကြီးတွေကလည်း မရှိကြတော့။ ဝါတို့ အလိုလိုမဖြစ်ချင်ဘဲ ဖြစ်နေရတဲ့ အပျိုကြီးဘဝပါ။

မာမာက ကုမ္ပဏီမှာ လုပ်နေတာဆိုတော့ မျှော်လင့်ချက်ရှိသေး၏။

ဝါကတော့ အသက်က လည်း လေးဆယ်ဖြစ်နေပြီ။ ငယ်ငယ်နဲ့ ဖြူနေတဲ့ ဆံပင်တွေကိုတောင် ဆေးဆိုးထားရ၏။ ပြီးတော့ တစ်နေ့တစ်နေ့ အိမ်မှာ ပဲ အင်္ကျီလက်ချုပ်ထိုင်လိုက်နေရတော့ ဘယ်နားကမှ မျှော်လင့်ချက်မရှိ။

ဒီတော့ ဘွားမေရဲ့ မြေး ပေါက်ပေါက်လေးကိုပဲ အတိုးချချစ်ရတော့သည် ။

မာ့ကိုတော့ ပြောထားရ၏။ အချိန်အခါရှိတုန်း မြောင်းဖောက်နိုင်သလောက်ဖောက်လို့ ။ တော် ကြာ ညီအစ်မနှစ်ယောက်လုံး အပျိုကြီးဖြစ်သွားရင် အသက်ကြီးလို့ အိုမင်းမစွမ်းဖြစ်လာရင် ဒုက္ခ ရောက်မှာ သေချာသလောက် မဟုတ်ပါလား။

ဘိုးဘွားရိပ်သာ သွားရလောက်အောင်လည်း ကျောထောက်နောက်ခံမရှိ။ အထုပ်အထည် လည်း မရှိ။ တစ်ယောက်က လခစား။ တစ်ယောက်က လက်ခစား။ ဘယ်လိုလုပ်ပြီး ထုပ်ထုပ်ထည် ထည် ရှိမလဲ။

ဒီကြားထဲ မာ့ကို အစွံထုတ်ဖို့ အတွက်လည်း ပိုက်ဆံကုန်ရသေး။

မာ ဆံပင်ဖြောင့်လိုက်၊ ကောက်လိုက်၊ အဝတ်အစားဖိုး၊ ဖိနပ်ဖိုး၊ အလှကုန်ဖိုး၊ တစ်လတစ်လ အလျှင်မိအောင် မနည်းသုံးနေရသောဘဝ။

*

ငထူးရဲ့ ဘဝကျတော့ တစ်မျိုး၊ အဖေက ဆိုက်ကားသမား။ အမေက ကုန်စိမ်းသည် ။

ဒါပေမဲ့ အဖေနဲ့ အမေက ငထူးကို သူတို့လို ပင်ပင်ပန်းပန်း မလုပ်စေချင်၍ ဆယ်တန်းအောင် အောင် အားတင်း၍ ကြိုးစားပြီး ထားပေးကြသည် ။

အောင်တော့ အမှတ်က သာမန်။ ဒီတော့ အမှတ်မကောင်းသူ၊ ပိုက်ဆံမရှိသူတို့ ရဲ့ ထုံးစံအ တိုင်း အဝေးသင်ပဲတက်ရ၏။ ဆယ်တန်းအောင်နဲ့ အလုပ်ရှာရ၏။ အဝေးသင်တက်ရင်း ရပ်ကွက်ထဲက မုန့်ဟင်းခါးဖိုမှာ အလုပ်ဝင်လုပ်လိုက်တာ။ ဘွဲ့သာရရော အလုပ်ကရှာမရ။ ရတဲ့ အလုပ်ကျတော့ လည်း မုန့်ဟင်းခါးဖိုကပေးတဲ့ လစာသာသာရယ်။ လမ်းစရိတ်နဲ့ ထမင်းချိုင့်ထည့်ရမှာ နဲ့ ။ ပြန်တွက် ကြည့်တော့ မကိုက်တာနဲ့ မုန့်ဟင်းခါးဖိုမှာ ပဲ အလုပ်ဆက်လုပ်ဖြစ်တာ။ မုန့်ဟင်းခါးဖိုမှာ လုပ်ရင်း အလုပ်ရှာသည် ။

မုန့်ဟင်းခါးဖိုပိုင်ရှင် မိသားစုကလည်း သဘောကောင်းပါသည် ။ သူ အ လုပ်သွားလျှောက်၊ အင်တာဗျူးသွားဖြေတဲ့ အခါတွေတိုင်း ခွင့်ပေးသည် ။ တစ်ရပ်ကွက်တည်းသားချင်းလည်း ဖြစ်၊ မုန့်ဖတ်ပို့ရတာကလည်း သူ့ပညာအရည်အချင်းနဲ့ မတန်တာကြောင့် သူ့ကို ခွင့်ပြုတာပင်။

ပြီးတော့ ငထူးက ရုပ်ကလေးကလည်း ကြည်၏။ မျက်နှာမြင်ချစခင်ပါစေဆိုတဲ့ ဆုကအ ပြည့်။ အလုပ်လုပ်တော့လည်း သွက်သည် ။ အပြောလေးကလည်း ချို၏။ ဒီတော့ မုန့်ဟင်းခါးစက်မှာ ငထူးက မုန့်ဖတ်ပို့ရုံတင်မဟုတ်။ မုန့်ညှစ်လည်း အားရင်အားသလို ဝင်ညှစ်လိုက်တာပင်။ မုန့်ချိန်တဲ့ နေရာလည်း ငထူးပါသည် ။

ပိုင်ရှင်ရဲ့ ကလေးတွေကို ကျောင်းကြိုပို့ရင်လည်း ငထူး။ တစ်နေ့ကုန်လို့ ငါးမိနစ်ပြည့်အောင် မနားရ။

ဒီတော့ အလုပ်ရှင်ကလည်း ချစ်တာပေါ့။ ငထူးရဲ့ မိဘတွေကတော့ သူတို့ သားဘွဲ့ရပညာတတ် ကလေး ရပ်ကွက်မုန့်ဖို့ လေးမှာ ခုလိုလုပ်နေတာကို တစ်စက်မှ စိတ်မချမ်းသာ။

လစာနည်းလို့ အိတ်ထဲက စိုက်ရစေဦးတော့။ ယူနီဖောင်းလေးသပ်ရ

ပ်စွာ ဝတ်ရတဲ့ အလုပ်က လေး လုပ်စေချင်တာ။ ငထူးက မဟုတ်။ ငထူးက လက်တွေ့ဆန်သည် ။ မုန့်ဖိုးမှာ ထက် ပိုက်ဆံပိုရမှ လုပ်မတဲ့ ။

ငထူးရင်ထဲမှာ ရည်ရွယ်ချက်က အပြည့်။ ပိုက်ဆံများများ ရအောင်ရှာပြီး အဖေ့ကို ဆိုက်ကား သမားဘဝမှ အငြိမ်းစားယူစေချင် သလို အမေ့ကိုလည်း ကုန်စိမ်းသည် ဘဝမှ ပင်စင်ပေးချင်နေပြီ လေ။

အခုတော့ ဘွဲ့သာရ၏။ ပိုက်ဆံရအောင် မရှာနိုင်သေး။ ဒီမှာ က အချိန်ပိုင်းအလုပ်လည်း မရှိ။ ရှိရင်တောင် ငထူးပိုက်ဆံရရင် သိမ်းကျုံးလုပ် ပစ်လိုက်ချင်တာ။

ပြီးတော့ ငထူးအားရင်လည်း ဘယ်တော့မှ လက်ဖက်ရည်ဆိုင်မထိုင်။

အချိန်ကုန်ခံပြီး ဝေဖန်ရေးနဲ့ လေကန်ရေးလုပ်ရတာကို ငထူးမကြိုက်။

လက်ဖက်ရည်သောက်ချင် ချိုင့်နဲ့ သွားဆွဲပြီး အိမ်မှာ စာဖတ်ရင်း သောက်သည် ။

ငထူးက စီးပွားရေး၊ ကြီးပွားရေးစာအုပ်တွေ၊ တက်ကျမ်းတို့ ဘဝနေနည်းစသည့် စာအုပ်တွေ ကို အရူးအမူးဖတ်တာ။

တစ်နေ့တော့ ကြီးပွားရမယ်။

အဲဒီအတွေးက ငထူးရင်ဘတ်ထဲမှာ အပြည့်ပဲ။ ပြီးတော့ တစ်နေ့ကို ရှစ်နာရီထက်ပိုပြီး မအိပ်။ အိပ်ပါများ ရင် အပျင်းရောဂါစွဲမှာ ဆိုး၍ ပင်။

မလိုသူတချို့ကတော့ ငထူးကို ကဲ့ရဲ့ ကြသည် ။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်နဲ့ သာမန်ဘွဲ့လေးရ တာ ဘာလုပ်လို့ ရမလဲတဲ့ ။

ပြောတဲ့ သူတွေကို ငထူး အပြစ်မမြင်ပါ။ အများ စုက ဘွဲ့ရဘောဲထိုင် ဖြစ်နေကြတာကိုး။

ဒါပေမဲ့ ငထူးကတော့ ဘယ်တော့မှ ဘောဲမထိုင်။ ငထူးထိုင်ချင်တဲ့ နေရာမှာ ထိုင်နိုင်အောင် ကြိုးစားမှာ ။

*

ကိုးတန်းစာမေးပွဲတွေ ဖြေပြီးတော့ ပေါက်ပေါက်က အဘွားဆိုင်မှာ ကူရသည် ။

အောင်စာရင်းမထွက်ခင်ထိ ကူရမှာ ပါ။ အောင်စာရင်းထွက်ရင်တော့ ဆယ်တန်းအတွက် အားသွန်ခွန်စိုက်ကြိုးစားရမှာ ။

ဆိုင်ခင်းနေတုန်း မုန့်ဖတ်လာပို့သည် ။

"ဟာ … ပေါက်ပေါက် လိုက်ကူတာလား"

"ဟုတ်တယ် ကိုကြီးထူး"

"အေး … လိမ္မာတယ်၊ ဒါမှ ဘွားမေလည်း သက်သာမှာ "

"ဟွန်း … ဆရာကြီးလေသံနဲ့ "

"အောင်မယ် … နင်ကများ ငါ့ကို၊ ဘွားမေ ကျွန်တော် ဒီနေ့လည်း အပိုထည့်ပေးထားတယ် နော်"

"အေးပါဟယ်၊ ရော့ … မုန့်ဖတ်ဖိုး"

ငထူးက မုန့်ဖိုးချေတဲ့ ပိုက်ဆံကို သေချာတစ်ရွက်ချင်းရေပြီး ပိုက်ဆံအိတ်ထဲ သေချာထည့်၏။

"သွားပြီး ဘွားမေ၊ ပေါက်ပေါက် ပန်းကန်တွေ သေချာဆေး"

“ဟွန်း”

ထုံးစံအတိုင်း ငထူးက နှုတ်သွက်လျှာသွက်နဲ့ ။ ပေါက်ပေါက်က မျက်စောင်းတထိုးထိုးနဲ့ ။

ဆိုင်သမားတွေ၊ ပါဆယ်သမားတွေကျလာရင်ပဲ ဘွားမေ လက်တွေ ဇယ်ဆက်သလို။

ဆိုင်မှာ ကူဖော်ခေါ်ထားတဲ့ မိအေးက ပန်းကန်တွေ ဒိုင်ခံဆေး။

ပေါက်ပေါက်ကတော့ ပိုက်ဆံရှင်းတဲ့ တာဝန်ယူရပါသည် ။

ပေါက်ပေါက်လိုက်ကူတဲ့ နေ့ဆို ဘွားမေ အေးဆေးမုန့်ပွဲပြင်ရုံပင်။

ကိုးတန်းကျောင်းသူ ပေါက်ပေါက်က ပိုက်ဆံတွက်တာ၊ အမ်းတာ လျင်မှ လျင်။

မမှားစေရ။ မပိုမလိုစေရ။

ကုန်ကာနီးတော့ ငထူးရောက်လာ၏။ ထမင်းကြမ်းချိုင့်လေးနဲ့ ။

“ဘွားမေရေ … ဟင်းရည်လေး နည်းနည်းလောက်ရောင်းပါလား”

“ဟင်းရည်လုပ်မနေနဲ့ ၊ မုန့်ဖတ်နဲ့ ပါစား၊ ငါပိုက်ဆံမယူပါဘူး ငထူးရယ်”

“ဟာ … မဟုတ်ဘူး ၊ မုန့်ဖတ်ကို မစားချင်တာ၊ အဲဒါကြောင့် ထမင်းကြမ်းခဲ ယူလာတာ၊ တစ်နေ့တစ်နေ့ မုန့်ဖတ်တွေ ကိုင်နေရတာ၊ စားချင်စိတ် မရှိတော့ပါဘူးဗျာ”

“အေး ဟုတ်မှာ ၊ ငါတို့ လည်း မုန့်ဟင်းခါး နေ့တိုင်းရောင်းနေတာ၊ တစ်လနေလို့ တစ်ခါ ဟုတ်တိပတ်တိ မစားဖြစ်ပါဘူးဟယ်၊ ဟွန်း … ပေါက်ပေါက်မကတော့ ကြိုက်သတော်၊ မုန့်ဟင်းခါး ကို မနက်တိုင်းစား

ရမှ ၊ တစ်ခါတလေ ကိုယ်ဆိုင်မထွက်တဲ့ နေ့တောင် သူများ ဆီက သွား ဝယ်စား တာ”

“ဟုတ်လား ဘွားမေလက်ရာကလည်း ကောင်းတာကိုး”

“ဟွန့် … အလကားစားတိုင်း မြှောက်မနေနဲ့ မသိမှ ခက်၊ ကိုကြီးငထူးတို့ က အပြောလေးနဲ့ လုပ်စားနေတာ”

“ဟဲ့ … ပေါက်ကျော်မ လူကြီးကို”

“အိုး … တကယ်ပြောတာ ဘွားရဲ့ ၊ သူ နီလာ့ကို ကျောင်းလာပို့ရင်လည်း ညလေး ညလေးနဲ့ ဖားနေတာ”

နီလာခင်ခင်ဆိုတာ မုန့်ဖိုပိုင်ရှင်သမီး ရှစ်တန်းကျောင်းသူလေးပါ။ ရပ်ကွက်ကျောင်းမှာ တော့ နီလာခင်ခင်က သူဌေးပေါ့။ အကြွားသန်ပြီး ထောင့်မကျိုးတဲ့ နီလာခင်ခင်ကို ပေါက်ပေါက်က အမြင် ကတ်သည် ။

နီလာက အလုပ်ရှင်သမီးမို့ ငထူးက ဂရုစိုက်တာကို ပေါက်ပေါက်က ဖားတယ်ဟု စွပ်စွဲနေ တာပင်။

ငထူးကတော့ ရှစ်တန်းနဲ့ ကိုးတန်းကျောင်းသူနှစ်ယောက်မတည့်တာကို သိထားတော့ ကလေးစကားကို ဗွေယူမနေ။ ပေါက်ပေါက်ခေါင်းကို လှမ်းပုတ်ပြီးတောင် ရယ်နေသေး၏။

*

ပေါက်ပေါက်သည် ဆယ်တန်းရောက်မှ တသွေးတမွေးဖြစ်လာ၏။ ဆယ်ကျော်သက်တို့ ရဲ့ နုနယ်ပျိုမျစ်ခြင်းတွေ ဝန်းရံခ, နေသလို အရွယ်စတင်ရောက်တဲ့ လက္ခဏာတွေကလည်း လျှံတက်နေ သည် ။

ရပ်ကွက်ထဲမှာ ရော၊ ကျောင်းမှာ ပါ ပေါက်ပေါက်ရဲ့ နေ့ချင်းညချင်း၊

ပြောင်းလဲသွားသောအလှ တရားကို သတိထားမိတဲ့ ပုရိသတွေများ လာ၏။

ထိုထဲမှာ ငထူးလည်း ပါခဲ့သည် ။ ပေါက်ပေါက်ဆိုတာ နှပ်ချေးတွဲ လောင်းကတည်းက တွေ့ဖူးခဲ့ သော မိန်းကလေး။ သို့သော် အခုတော့ ပြောင်းလဲသွားပြီ။ နှပ်ချေးနေရာမှာ သနပ်ခါးမှုန်စစတို့ က နေရာဝင်ယူ လာ၏။

ပေါက်ပေါက်ရဲ့ သမင်မျက်လုံးရွှကြီးနှင့် ပစ်ပေါက်ခံရတိုင်း ငထူးရင်တွေ ပြောင်းဆန်နေ သည် ။

ပေါက်ပေါက် ကျောင်းသွားကျောင်းပြန်ချိန်တွေကို စောင့်ကြည့်ရတာအမော။

"ပေါက်ပေါက် စာတွေမလိုက်နိုင်တာရှိရင် ငါ့ကိုပြောလေ၊ ငါရှင်းပြမယ်"

"ရပါတယ်၊ မရရင် ကျူရှင်မှာ ဆရာကိုမေးမှာ ပေါ့၊

ဘာလို့ ကိုထူးကို အားတိုင်းယားတိုင်းဆရာတင်ရမှာတုံး .... ဟွန်း"

ငထူးက သဒ္ဒါတွေပိုနေတာ။ ပေါက်ပေါက်က မသိဘဲ ဘုတောသွားသည် ။

ဘွားမေကတော့ လူကြီးပီပီ အကဲကြည့်နေ၍ သိပါသည် ။ သဘာဝတရားကြီးက တားဆီးလို့ မှ မရတာ။ တစ်နေ့ပေါက်ပေါက် အရွယ်ရောက်လာရင် ဒီလိုကိစ္စတွေ ကြုံရမယ်ဆိုတာ သိနေတာပဲ။

ငထူးက သိပ်ဆိုးဆိုးရွားရွားထဲက မဟုတ်၍ ဘွားမေလည်း အသာကြည့်နေရသည် ။

ပေါက်ကျော်မကလည်း အရင်လို လက်လက်ထမဆော့တော့ဘဲ ငြိမ်လာသည် ။ သနပ်ခါးလူး စရာမလို အကျႌဆို မီးပူပြန့်နေအောင် ထိုးတတ် လာပြီ။ သဘာဝတရားကကို သင်ပေးသွားတာပါ။

ဘွားမေ စိတ်ပူရမယ့်အနေအထားတွေ ရောက် လာပြီလေ။ ဒါပေမဲ့ ဒီနှစ်က ဆယ်တန်းဆို တော့ စိတ်ကစားလို့ မဖြစ်။ သစ်ရွက်လှုပ်တိုင်း ရယ်တတ်သည့် အရွယ်ဆိုပေမယ့် လှုပ်တိုင်းလမ်းမ ချော်အောင် ထိန်းပေးရမည်။

"မြေးလေး ... ဒီနှစ် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ရင် မြေးလိုချင်တာ ဝယ်ပေးမယ်"

"ဟင့်အင်း ... ပေါက်ပေါက်က ချောင်းသာတို့ ငွေဆောင်တို့ သွားချင်တာ၊ ပေါက် ဆယ်တန်း အောင်ရင်ကမ်းခြေတစ်ခုခု လိုက်ပို့ပေးပါ ဘွားရယ်"

အဲ ...။ ဘွားမေ မျက်လုံးပြူးသွားသည် ။ ကမ်းခြေတဲ့ ။ ဘွားမေ တောင် တစ်သက်နဲ့ တစ်ကိုယ် မရောက်ဖူးသေး။

ပြီးတော့ ဒီအရွယ်ကြီးကျမှ ကမ်းခြေမသွားချင်ပါဘူး။ ဘုရားဖူးဆို ဟုတ်တုတ်တုတ်။

"နော် ဘွား၊ အောင်ရင် ပို့ရမယ်နော်"

အို ... ဘာပဲဖြစ်ဖြစ် လတ်တလောကတော့ ခေါင်းညိတ်ရမှာ ပင်။ ဆယ်တန်းအောင်ဖို့ အရေး ကြီးတယ်။ နောင်ခါလ နောင်ခါစျေးပဲ။

"ဟေး ... ဒါမှ တို့ အဘွားကွ၊ ဒီနှစ်အောင်အောင်ကို ဖြေပစ်ဦးမယ်၊ ကမ်းခြေသွားရအောင်လို့ "

ရည်ရွယ်ချက်ကကြီးပ့ါ။ ဘွားမေသက်ပြင်းအသာချရင်း မြေးစာကျ

က်ရင်း သောက်ဖို့ ကော်ဖီ ထဖျော်ပေးလိုက်သည် ။

ပေါက်ပေါက်ကတော့ သင်္ချာတွက်ရင်း ဘွားမေအလစ်ကို ချောင်းနေသည် ။

နေ့လယ်က ကိုကြီးငထူးပေးသွားတဲ့ စာကို ဖတ်မလို့ ။

စာရွက်လေးကို ဖြေရတာတောင် တော်တော်မောရ၏။

ဟော ... ကိုကြီးငထူးက လက်ရေးလှသား။

"ပေါက်ပေါက်လေး ...

တစ်နေ့မတွေ့ရရင် မနေနိုင်လောက်အောင် အမြဲမြင်တွေ့ချင်နေမိတယ် ...

ပေါက်ပေါက်လေးရဲ့ မျက်စောင်းလေးတွေကိုလည်း အမြဲမြင်ယောင်နေမိတယ် ...

အဲဒါ ဘာလို့ လဲ ...? ။

ကိုထူး"

ပေါက်ပေါက် ရင်တွေ တဆတ်ဆတ်တုန်နေသည် ။ ပုစွန်ဆိတ်ခုန်သလိုပေ့ါ။

ရိုးသားတည်ကြည်တဲ့ ကိုကြီးငထူးမျက်နှာကို မြင်ယောင်မိတော့ ရင်ဖို၏။

လတ်တလော ပေါက်ပေါက်ကို လိုက်နေတဲ့ အထဲမှာ တော့ ပေါက်ပေါက်တို့ နဲ့ တန်းတူ ဆယ် တန်းကောင်လေးတွေရယ်။ ရပ်ကွက်ထဲက ကြမ်းပိုးတွေရယ်ပဲ။ ဒီကြားထဲမှာ တော့ ကိုကြီး ငထူးက အဖြောင့်ဆုံး။ ပြီးတော့ ဘွဲ့ရပြီးသား။ ပေါက်ပေါက်ရဲ့ လက်တွေက ဆယ်တန်းသင်္ချာ

တွက်နေ၏။ နှလုံးသားကတော့ အချစ်သင်္ချာကို တွက်ဖို့ ပြင်ဆင်နေပြီ။

*

ငထူးသည် စာပေးပြီးမှ ရင်တုန်သည် ။ ပေါက်ပေါက်က ဘွားမေနှင့် တိုင်လိုက်ရင်တော့ ဂွပဲ။

မနက်ပိုင်း ဘွားမေဆိုင်ကို မုန့်ဖတ်ပို့ဖို့ တောင် ချီတုံချတုံ။ သွားပို့ ကာနီးလေ မသွားရဲလေ ဖြစ်လာသဖြင့် မုန့်ဖတ်ညှစ်သည့် ဖော်ဖော်ကို သွားပို့ခိုင်းတာ ဖော်ဖော့်အစား မုန့်တွေလှိမ့်ညှစ်နေမိ သည် ။

နေ့ခင်းကျမှ ပေါက်ပေါက် ကျောင်းဆင်းချိန်သွားစောင့်ပြီး စနည်း နာရမည်။

မုန့်ဖတ်တွေ အားရပါးရ ညှစ်နေတုန်း ဖိုဆရာကိုကြီးမြင့်က ...

“ဟိတ်ကောင် ... ငထူး၊ မင်းဘွားမေမြေး ဆယ်တန်းကောင်မလေး ကို လိုက်နေတာဆို”

“ဟုတ်ကဲ့”

“မင်းကလလည်း ကွာ၊ ကောင်မလေးက ဒီနှစ်မှ ဆယ်တန်းရှိသေး တာ၊ သွားမစပါနဲ့ ကွာ၊ တော်ကြာ စိတ်တွေ ဟိုရောက်ဒီရောက်နဲ့ စာမ လိုက်နိုင် ဖြစ်နေဦးမယ်”

“စတာ မဟုတ်ဘူး ဗျာ၊ ချစ်တာ ... ချစ်တာ”

“အေး ... ချစ်ရင် ကိုယ်ချစ်တဲ့ သူ နစ်နာမယ့်အလုပ်မျိုး မလုပ်ရဘူး ကွ၊ ဆယ်တန်းဖြေပြီးမှ အောင်မှ လှုပ်ရှားလည်း နောက်မကျပါဘူးကွာ”

“ဒီကြားထဲ သူများ နောက်ပါသွားရင် ဘယ်လိုလုပ်မလဲဗျ။

ခုတလော ရပ်ကွက်ထဲက ကောင်တွေလည်း သူ့ကို ရစ်နေတာ”

"အင်း ... ခက်တယ်ကွာ၊ ကောင်မလေးက ဆယ်တန်းဆိုတော့ အရေးကြီးနေပြီကွ၊ အနှောင့် အယှက်မပေးသင့်ဘူး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်နောက်ဆုတ်လည်း ဟိုကောင်တွေက ရှိသေး တော့"

"အေးပေါ့ကွာ၊ ချစ်တာပဲသိကြပြီး ကိုယ်ချစ်တဲ့ သူ ဘာတွေနစ်နာသွားမလဲလို့ မှ မတွေးပေး နိုင်ကြတာကိုး၊ ဒါလည်း အတ္တ တစ်မျိုးပဲကွ"

သူတို့ ပြောနေတုန်း မုန့်လိုက်ပို့သော ဇော်ဇော် ရောက်လာသည် ။

"ဇော်ဇော် အခြေအနေ"

"ဘွားမေက ကိုငထူးကို မေးနေတယ်၊ ငထူး ဘာလို့ လာ မပို့တာလဲ။ နေမကောင်းလို့ လားတဲ့ ၊ တစ်ခါမှ မပျက်ဖူးပါဘူးတဲ့ "

"ဘာတွေထူးခြားသေးလဲ"

"မထူးဘူး၊ ပုံမှန်ပဲ၊ ဧကန္တ ကောင်မလေး မတိုင်းဘူးနဲ့ တူတယ်"

"ဟုတ်လား၊ ဒါဆိုအခြေအနေ တစ်ထစ်ကောင်းတာပေါ့ကွ၊ အဟီး ... ဒါဆို ဆက်လှုပ်ရှား မှာ ပဲ"

"အဟမ်း ... အဟမ်း"

"မဟမ်းနဲ့ ကိုကြီးမြင့်ရေ၊ အတ္တဗျ အတ္တ"

"အေး ... တပါကွ တ, တ"

ငထူး မျက်လုံးစုံပြီး ပီတိတွေဖျာနေ၏။

"ငထူး ... မင်းလိုက်ရင်လည်း ရအောင်လိုက်၊ အဖြေတောင်း၊ တောင်းပြီးတာနဲ့ သူစာကျက် ဖို့ ၊ ဆယ်တန်းအောင်အောင်လုပ်ဖို့ ကူညီလိုက်

ပေါ့ကွာ”

“နိမိတ်ကောင်းလိုက်တဲ့ တိုက်တွန်းစကားပဲကွာ … အဟိ၊ ကိုကြီးမြင့် ကျေးဇူး”

“ကိုငထူး၊ ခင်ဗျား ကောင်မလေးဆီက အဖြေရရင် ကျွန်တော်တို့ ကို တစ်ဝိုင်းတိုက်ရမယ် နော်”

“ဘာဆိုင်လို့ လဲကွ”

“မင်္ဂလာရှိတဲ့ အချစ်ကို မင်္ဂလာမရှိတဲ့ အရက်နဲ့ မရောစမ်းပါနဲ့ ကွာ၊ မင်းကို ငါလက်ဖက်ရည် တိုက်မယ်ကွာ”

“ဟား … ကိုငထူးကတော့ စံပဲဗျာ၊ ဆလံ ဆလံ”

“ဟား ဟား ဟား …”

မုန့်ဖိုးတစ်ခုလုံး ရယ်သံတွေ ညံသွားသည် ။

“ဇော်ဇော်ရေ … ငထူးကို မြန်မြန်ကျေးဇူးတင်လိုက် လက်ဖက်ရည် တိုက်တာတောင် တော် တော်တိုးတက်လာတာကွ … ဟား ဟား”

ကိုကြီးမြင့်က ထဖောက်ပြန်သည် ။

ထိုစဉ်မှာ ပဲ မုန့်ဖိုရှေ့မှာ ကျောင်းစိမ်းလေးတစ်ယောက် ဖြတ်လျှောက်သွားသည် ။

“ဟာ … ကိုငထူး … လိုက် လိုက်”

ငထူးလည်း မုန့်ညှစ်ရင်း ပေပွနေတဲ့ ကိုယ်ဗလာကို အင်္ကျီဒီအတိုင်း ထပ်ဝတ်၊ ပြေးရင်းလွှား ရင်း ကြယ်သီးတပ်ရသည် ။

“အပေါက်လေး”

“ဘာအပေါက်လေးလဲ ကိုကြီးငထူးနော်၊ လူကို နာမည်မဖျက်နဲ့ နော်
”

“ဩော် ... ပေါက်ပေါက်လေးလို့ ခေါ်တာပါ၊ လျှာခလုတ်တိုက်မိသွားလို့၊ အပေါက်လေးဖြစ် သွားတာ ... ဟီး ဟီး”

“ဟွန်း”

“မျက်စောင်းမထိုးနဲ့ နော် ... ဟင်း ဟင်း”

“ကိုကြီးငထူးနော်”

“စာမှန်မှန်ကျက်နော်”

“ဟင် ... ဘာမှ လဲ မဆိုင်ဘူး”

“ချစ်တော့ ချစ်တယ် အလိုမလိုက်ဘူး ဆယ်တန်းအောင်အောင်ဖြေရမယ်”

“အလိုမလိုက်မှ တော့ သေတောင်မချစ်ဘူး”

“ဒါဆို အလိုလိုက်ရင် ချစ်မယ်ပေါ့”

ပေါက်ပေါက်က မျက်စောင်းထိုးသွား၏။

*

“ဟိတ်ကောင် ... ငထူး၊ ဘွားမေကို ပို့ရမယ့်မုန့်တွေကို ပိုပိုသာသာမှချိန်ရဲ့ လား”

မလုပ်ပါဘူး ကိုကြီးမြင့်ရာ။ ကျွန်တော်က စီးပွားရေးနဲ့ လူမှုရေးကို ခွဲထားပါတယ်ဗျာ။ ဟဲ ဟဲ”

“ဘယ်လိုလဲကွ မင်းအခြေအနေ”

“ကောင်းတယ် ထင်တာပဲ၊ ဒါပေမဲ့ အဖြေမရမချင်းတော့ မကျိန်းသေပါဘူးဗျာ”

“ကိုကြီးငထူး။ ဟိုဘက်လမ်းကကောင်တွေ ပြောတာတော့ ကိုကြီးငထူး အခြေအနေကောင်း ပုံပဲဗျ။ ဖိုးကျော်ကို ကောင်မလေးက ငြင်းလိုက်တယ်တဲ့ ။ နောက် ဟိုဘက်က ဗိုက်ကြီးကိုလည်း ငြင်း တယ်ဆိုပဲ”

ဇော်ဇော့်စကားကို နားထောင်နေသော ကိုကြီးမြင့်က ဝင်ထောက်သည် ။

“ဟ … ဇော်ဇော်ရာ ရပ်ကွက်ထဲက အပေအတေတွေကိုတော့ ကြိုက်မလားကွ။ ဆယ်တန်း ကျောင်းသူပဲ ဒီလောက်တော့ နားလည်မှာပေ့ါ”

“ဒါဆို ကိုငထူးမှာ ပြိုင်ဘက်မရှိဘူးပေ့ါ”

“ရှိသေးတယ်ကွ။ ဆယ်တန်းကျောင်းသားတွေထဲမှာ လည်း သူ့ကိုကြိုက်တဲ့ သူရှိတယ်”

“ကလေးတွေနဲ့ ယှဉ်ပြီး ရှုံးတယ်ဆိုရင်လည်း ခံပေ့ါဗျာ”

ဇော်ဇော်က ပျစ်ပျစ်နှစ်နှစ် ထောပနာပြု၏။

“ကဲ … ကျွန်တော် မုန့်ပို့သွားပြီနော်”

“အေး … အေး … ဘွားမေဆိုင်မှာ စကားမရှိ စကားရှာ ကြာမနေနဲ့ဦး”

“ဟဲ ဟဲ … ဖားထားရမယ်ဗျ၊ ဒါကို လူကြီးတွေ သဘောတူတဲ့ မင်္ဂလာပွဲ ဖြစ်မှာ ပေ့ါ”

ငထူးက ရယ်ရယ်မောမော်နဲ့ စက်ဘီးနင်းထွက်သွားသည် ။

ငထူးက သဘောဖြူ အူပြည့်မို့ မုန့်ဖိုကလူတွေအကုန် ငထူးကို ချစ်ကြသည် ။

ငထူးက ကပ်စေနဲ့တာကလွဲရင် ကျန်တာအကုန်ကောင်းသည် ။

ဒါပေမဲ့ ငထူး ကပ်စေးနဲ့တာက ကောင်းတဲ့ ကပ်စေးနဲ့ခြင်းလို့ ပြောရမလားပဲ။

ဘာလို့ လဲဆိုတော့ တချို့ကပ်စေးနဲ့တွေက သူများ ဆီကဆို ခွတုပ်တတ်ပြီး ကိုယ့်ဆီက ထုတ် ရမှာ သေမလောက်ကြောက်တာမျိုး။

ငထူးက ထိုသို့မဟုတ်။ သူများ ဆီကလည်း မနိုက်။ ကိုယ်လည်း အကုန်မခံတတ်သည့် သူမျိုး။

သူ့ကိုယ်သူတောင် စစ်စစ်စီစီနဲ့ သုံးသည့် သူပါ။

ထို့အတွက်လည်း ကိုကြီးမြင့်က ငထူးကို သတိပေးသေးသည် ။

“ငထူး … မင်း ကောင်မလေးကို အတည်လား”

“အတည်ပေါ့ဗျ။ တကယ်သာရလို့ ကတော့ ယူမှာ ”

“အေး … ယူမှာ ဆိုရင်တော့ သေချာစဉ်းစားနော်။ ကောင်မလေးကို သူ့အဘွားက တော်တော် အလိုလိုက်ထားတော့ သိတဲ့ အတိုင်းပဲ။ မင်းက ကပ်စေးနဲ့သမျှ ကောင်မလေးကို ထိန်းလို့ ရပ့ါမလား”

“ဒါကတော့ သင်ပေးရမှာ ပေါ့ဗျာ … ဟဲ ဟဲ”

“အေးပါကွာ၊ ဘာကိုမှ လျှော့မတွက်တာ ကောင်းတယ်။

အထူးသဖြင့် အိမ်ထောင်ပြုတဲ့ နေရာမှာ ချဉ်ချဉ်တူးတူးမူးရင်ပြီးရောတော့ မလုပ်နဲ့ ကွာ၊ သေချာစဉ်းစားတည်ဆောက်တာတောင် အမှားမကင်းဘူးဟေ့။ ဖြစ်နိုင်ရင်တော့ တစ်ကိုယ်တည်း

လူပျိုကြီးလုပ်ပြီး အပူမရှာတာ ပိုကောင်းတယ်”

“ဒါဆို ကိုကြီးမြင့်ကျတော့ ဘာလို့ ကလေးသုံးယောက်ဖြစ်နေလဲ”

“နောက်ပြန်လှည့်မရတဲ့ လမ်းကို ခြေချမိလို့ ကလေးသုံးယောက်ဖြစ်သွားတာပေါ့။ မှတ်ထား ငထူးရေ။ အဲဒီလမ်းက ခြေချမိရင် ပြန်လှည့်ဖို့တောင် တော်တော်ခက်တာကွ။

ဒါပေမဲ့ ရှေ့ဆက်လျှောက်နေရင်းနဲ့ ကို ဒီလမ်းကိုမလျှောက်ဖြစ်ရင်ကောင်းသားလို့ အကြိမ် ကြိမ် တွေးမိတယ်ကွ။

မင်းလည်း တစ်နေ့ သိလာမှာ ပါ … ဟား ဟား”

*

ငထူးက နီလာ့ကို ကျောင်းလိုက်ပို့သည် ။ ကိုးတန်းကျောင်းသူ နီလာက ဟိုဘက်လမ်းနှင့် ဒီဘက်လမ်း ကျောင်းတက်ရတာတောင် ငထူးက လိုက်ပို့ရသေး၏။

နီလာ့ကျောပိုးအိတ်တို့ ၊ ထမင်းချိုင့်ခြင်းတို့ သယ်ပေးရတာပါ။

ဒါကို ပေါက်ပေါက်က ကြည့်မရ။ ပေါက်ပေါက်က ကြွေးမနီလာကို မမြင်ကိုကတ်တာပါ။ နီလာ့ကို အမြင်ကတ်တာနဲ့ ပဲ ငထူးကိုပါ ကြည့်မရ ဖြစ်နေ၏။

ငထူးကမသိ။ ငထူးခမျာ နီလာ့ကို ကျောင်းပို့ရင်း ပေါက်ပေါက်ကို ပတ်ချောင်းခွင့်ရသဖြင့် နီလာ့ကို ကျောင်းပို့ရမယ်ဆို တက်ကြွနေတာပင်။

တစ်ရက် ကျောင်းပေါက်ဝမှာ နီလာ့ကို ပို့သောငထူးနှင့် ပေါက်ပေါက်တို့ တည့်တည့်တိုး၏။

“ကိုထူး ညနေမကြိုနဲ့ ။ ကျူရှင်ကို တန်းသွားရမှာ ”

"အေး ... အေး"

"ကိုကြီး ထူး၊ ညနေ ပေါက်ကိုလာကြို"

"ဟမ် ... တကယ်လား"

"တကယ်ပေါ့"

"အေး ... အေး ... လာကြိုမယ်"

ပေါက်ပေါက်က ပြုံးပြီး ကျောင်းထဲဝင်သွား၏။ နီလာက ...

"ကိုထူးက ဘာလို့ သူ့ကိုကြိုရမှာ လဲ"

"သြော် ... ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ"

"သြော် ... သူနဲ့ လည်း ခင်တာပဲလေ တစ်လမ်းတည်း"

"ဘာတစ်လမ်းတည်းလဲ၊ နီလာ သူ့ကိုကြည့်မရဘူး၊ ဘဝင်မ ဘဝင်ကိုင်စရာ ဘာမှ မရှိဘဲ ချာ တူးလန်က ဘာကိုဘဝင်ရူးနေမှန်းမသိ"

"အဲလိုမပြောပါနဲ့ နီလာရယ်"

"ပြောမှာ ပဲ၊ ကြည့်လို့ ကို မရဘူး၊ ညနေမကြိုရဘူးနော်"

"အေးပါ၊ ကဲ ... ကျောင်းထဲဝင်တော့"

ညနေကျတော့ နီလာ မသိအောင် လာကြိုရ၏။ ဒါကို ပေါက်ပေါက်က နီလာ မမြင်, မြင် အောင် တမင်လုပ်ပြသဖြင့် နီလာ သိသွား၏။

ပေါက်ပေါက်က တမင်လွယ်အိတ်ရော ထမင်းချိုင့်ပါ ထူးကို ပေးထားသည် ။

"ကိုထူး ... နီလာ မနက်က ဘာပြောထားလဲ"

"ဟို ... အဲ ... အဟီး"

ပေါက်ပေါက်က ခပ်တည်တည်ပဲ ကြည့်နေ၏။

"နေပါဦး၊ နင်က ဘာလို့ ကိုထူးကို လာကြိုခိုင်းတာလဲ"

"ငါ့ရည်းစားမို့လို့ ပေါ့"

"ဘာ"

နီလာမှာ မထင်မှတ်တဲ့ စကားကို ကြားရပြီး ဘာပြောရမှန်း မသိခင် ပေါက်ပေါက်က လှည့်ထွက်သွား၏။

ငထူးမှာ လည်း ဘာမှန်းညာမှန်းမသိဘဲ ပေါက်ပေါက်နောက် လိုက်သွားသည် ။

နီလာ ဒေါသထွက်သွား၏။ ဘာကိုပေါက်ကွဲမှန်း မသိအောင် ပေါက်ကွဲတာပင်။

နဂိုကမျှ ဘဝင်မကို အမြင်ကတ်ပါတယ်ဆို၊ သင်း လုပ်သွားပုံက ...

နေပါဦး။ ငါ့ရည်းစားဆိုတော့ သင်းက ဆယ်တန်းနဲ့ ရည်းစားထားတယ်ပေါ့။

သင်းတို့ အတန်းပိုင်က နီလာ့အဒေါ်ဝမ်းကွဲ။ ချွန်လို့ ကောင်းသွားတာပေါ့။

သင်းကို ဒေါ်လေးနဲ့ တိုင်မည်။

ကိုထူးကို အိမ်မှာ ဖေဖေနဲ့ ပြန်တိုင်မယ်။

နီလာသည် ပေါက်ပေါက် လုပ်သွားတဲ့ အကွက်ကို မခံရပ်နိုင်ဘဲ ဒေါသကြီးနေသည် ။

မိမိရဲ့ အလုပ်သမားက သူမနောက် ကောက်ကောက်ပါသွားလို့ လား မသိ။

အား …။

နီလာ မကျေနပ်ပါဘူး။

*

ငထူးသည် ပေါက်ပေါက်နောက် ပြေးလိုက်သွားရင်း …

“ပေါက်ပေါက်လေး တကယ်ပြောတာနော်။ ကိုယ်က ပေါက်ပေါက် လေးရဲ့ ရည်းစားဆိုတော့ ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးတာပေါ့နော်”

“မဟုတ်ပါဘူး၊ ဟိုကြွေးမကို ကြည့်မရလို့ တမင်ပြောလိုက်တာ”

“ဟာ … ဟုတ်လက်စနဲ့ ဟုတ်လိုက်ပါကွာ။ ပြောပြီးစလစ်ပဲ”

“ဟင်း … စဉ်းစားရဦးမှာ ပေါ့။ လွယ်လွယ်လေးနဲ့ ပေးလို့ ဖြစ်မလား ”

“အမယ်လေး … မူမနေပါနဲ့ တော့။ အဖြေသာပေးလိုက် ပေါက်ပေါ က်လေး စိတ်ချမ်းသာစေရ မယ်”

“ယုံရမှာ လား”

“မယုံရင် ချစ်ကြည့်လိုက် လိုက်လေ”

“ပေါက်ပေါက်ကို အလိုလိုက်မှာ လား”

“လိုက်မှာ ပေါ့”

“အဘွားကပြောတယ်၊ ပေါက်ပေါက်က ဆိုးတယ်တဲ့ ။

သည်းခံမှာ လား”

“ခံမှာ ပေါ့”

“ပြောတာပဲ”

“မယုံရင် ချစ်ကြည့် လိုက်လေ”

“ဒါဆို ပေါက်ပေါက်ထက်ပိုပြီး ဘယ်သူ့ကိုမှ ဦးစားမပေးရဘူးနော်”

“အဲဒီစကားကတော့ စဉ်းစားစရာပဲ။ ပေါက်ပေါက်လေး နီလာ့ကို ရည်ရွယ်ပြီး ပြောတာမို့ လား”

“ဒါပေါ့၊ နီလာ့ကို ပေါက်ပေါက်ထက်ပိုပြီး ဦးစားမပေးရဘူး”

“ဦးစားတော့ မပေးပါဘူး။ ဒါပေမဲ့ လောလောဆယ်က သူတို့ အလုပ်မှာ လုပ်နေတာဆိုတော့ ဘယ်လိုလုပ်ရမလဲ”

“အို ... ကိုကြီးထူး လုပ်တာ မုန့်ဖိုမှာ ပဲကို။ သူနဲ့ ဘာဆိုင်လို့ လဲ။ ဘာလဲ ... နီလာ့ကိုပဲ ဦးစားမယ်ပေါ့။

ဒါဆိုလည်း ပြီးရောလေ”

“ဟာ ... မဟုတ်ပါဘူး။ လောလောဆယ် ကိုယ်က သူတို့ အိမ်က အလုပ်ကို လုပ်နေရလို့ ပြောတာပါ။ ပေါက်ပေါက်မကြိုက်ရင် နောက်ဆို သူ့ကို ကျောင်းလိုက်မပို့တော့ဘူး”

“တကယ်နော်”

“အင်း ... ပြန်ချစ်မှာ လား”

“စောင့်ကြည့်လိုက်ဦးမယ်။ သူ့ကို တကယ် ဦးစားမပေးဘူးဆိုမှ ချစ်မယ်”

“ဟာ ... အဖြေ အခုမပေးသေးဘူးလား”

"နိုး ... ဒီလို လွယ်လွယ်နဲ့ ဘယ်ရမလဲ"

"သေပါတော့ကွာ"

နောက်ဆုံးတော့ ငထူးမှာ ဆယ်တန်းကျောင်းသူ ပတ်တီးရိုက်တာ ခံလိုက်ရ၏။

*

နီလာသည် အိမ်ရောက်တာနဲ့ ငထူးကို တိုင်တော့သည် ။

ဖေဖေ့ ... ကိုထူးက ရည်းစားထားတယ်"

"ဟေ"

ဖခင်ဖြစ်သူမှာ ငထူးကို တိုင်နေသော ကိုးတန်းကျောင်းသူ သမီးငယ်ကိုကြည့်ကာ ပြုံးစိစိနဲ့ ။

"ဟုတ်လား"

"ဟုတ်တယ်၊ ဟိုဘက်လမ်းက ဘွားမေမုန့်ဟင်းခါးရဲ့ မြေးနဲ့ ကြိုက်နေတာ၊ ဒီညနေ ကျောင်း ကိုလာကြိုတာ"

"ကျောင်းလာကြိုတယ်ဆိုတော့ သမီးတို့ ကျောင်းကလား"

"ဟုတ်တယ် ဖေဖေရဲ့ ၊ ဆယ်တန်းကျောင်းသူလေ၊ အန်တီနုနုအတန်းကပေါ့၊ မနက်ကျရင် သူ့ကို အန်နီနုနုနဲ့ တိုင်မယ်"

သူများကို အဲဒီလို မတိုင်ရဘူးလေ သမီးရဲ့ "

"ကျောင်းတက်တုန်း ရည်စားထားခွင့်မှ မရှိတာ ဖေဖေရဲ့ "

"အဲဒါက သူ့ကိစ္စလေ သမီးရဲ့ ။ ကိုယ်နဲ့ မှ မဆိုင်တာ။

အင်း ... ငထူးက အရွယ်ရောက်ပြီ ဆိုပေမယ့် ကလေးမကတော့ င

ယ်သေးတယ်”

“ကိုထူးကို ဆူလေ ဖေဖေရဲ့ ”

“ဆူလို့ ဘယ်ရမလဲ သမီးရဲ့ ။ ဒါက သူ့ကိုယ်ရေးကိုယ်တာလေ။ ဖေဖေက ပြောလို့ ဘယ် ရမလဲ။ ဒါပေမဲ့ ကလေးမလေးက ငယ်သေးတော့ သေချာစဉ်းစားတော့ သတိပေးဦးမှ ”

“မရဘူး၊ ဖေဖေနော် … ကိုထူးကို ဆူပါဆို၊ အဲဒီ ကိုထူးရည်းစားက ဘဝင်မဖေဖေရဲ့ ၊ မုန့်ဟင်းခါး ရောင်းစားနေရလို့ ပဲ၊ လူက ဘဝင်ကြီးပဲ၊ သမီး ကြည့်လို့ မရဘူး”

“ဟား ဟား … ငါ့သမီးကတော့ကွာ”

“ဖေဖေ”

“ကဲ … ဖေဖေ စာရင်းတွက်ဦးမယ်၊ သမီးလည်း စာသွားကျက်တော့ ”

နီလာ စိတ်တိုနေသည် ။ ဖေဖေ့ကို ပြောမရတော့ မုန့်ဖိုဘက်ကို ဦးလှည့်သည် ။

“ကိုထူး”

“ဟာ … နီလာ၊ လာ … လာ”

“မုန့်ဖိုပိုင်ရှင်ရဲ့ တစ်ဦးတည်းသောသမီးလေး နီလာ့ကို အားလုံးက ဝိုင်းပြီးမ, ထားရတာ ပင်။ နီလာက ဆိုးသည် ။ သူမဖခင်က အလိုမလိုက်ပေမယ့် မိခင်က တစ်ဦးတည်းသောသမီးမို့ တော် တော်အလိုလိုက်ထားတာလေ။

“ကိုထူး … ပေါက်ပေါက်ပြောသွားတာ တကယ်လား”

"အဟီး"

ငထူးက ဘာပြောရမှန်း မသိဘဲ ရယ်နေရသည် ။

ပေါက်ပေါက်က နီလာ့ကို တမင်ပြောသွားတာ။ တကယ်က ငထူးကို အဖြေမပေးသေးဘူး လေ။ အဲဒီတော့ ဘာမှ မပြောဘဲ ရယ်နေရုံပေ့ါ။

"ကိုထူး သူ့ကို မကြိုက်ရဘူး သိလား။ သူက တကယ့်စပါယ်ရှယ် ဘဝင်မ။ နီလာ ကြည့်လို့ ကို မရဘူး။ ကိုထူးသူ့ကို လုံးဝမကြိုက်ရဘူး။ နောက်နေ့တွေ သူ့ကို လုံးဝ ကျောင်းမကြိုရဘူး"

ငထူးမှာ နီလာ့ကို ဘာပြန်ပြောရမှန်းမသိ။ ဒီကလေးမနှစ်ယောက် ဘယ်ဘဝက ရေစက် ကြောင့် ဒီလောက်မုန်းနေကြပါလိမ့်။

မုန့်ဖိုထဲက လူအားလုံး ငထူးကိုကြည့်ကာ ပခုံးတွန့်ပြကြသည် ။

"နော် ... ကိုထူး၊ သူ့ကို ပြတ်လိုက်တော့။ ကိုထူးနဲ့ သဘောမတူဘူး နော်"

"ဟဲ ... ဟဲ"

"ဘာရယ်နေတာလဲ၊ ဖြတ်မယ်လို့ ပြောလေ"

"အဟီး"

ငထူးက ခေါင်းကုတ်ကာ စပ်ဖြဲဖြဲ။ မုန့်ဖိုးထဲက လူတွေလည်း ရယ်ချင်ပက်ကျို။ နီလာစိတ်ဆိုး ပြီး အိမ်ဘက်ပြန်ပြေးသွား၏။

*